# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇)

# မာတိကာ


ဤကျမ်းကိုမရှုစားမီ

အပိုင်း (၁)

| | | |
|---|---|---|
| ၂၀၁၆ ခုနှစ်ဖြစ်ရပ်များ | | ၁ |

အပိုင်း (၂)

| | | | |
|---|---|---|---|
| ၁ | ကမ္ဘာကိုခြိမ်းခြောက်လာသည့် ဇီကာဗိုင်းရပ်စ်အန္တရာယ် | ဒေါက်တာခင်မောင်လွင် (FAME) | ၁၀၁-၁၀၆ |
| ၂ | ကမ္ဘာနှင့်မြန်မာ့ဓာတ်လုံး ဓာတ်ပြား ဓာတ်စက်သမိုင်း | သုတေသီမောင်မောင် | ၁၀၇-၁၁၈ |
| ၃ | စည်းလုံးမှု၏သမိုင်းမှတ်တမ်း | မနုဿကျော်ခင်း (အမျိုးသားစာပေဆုရ) | ၁၁၉-၁၂၂ |
| ၄ | စိန်ရတုသက်တမ်းသို့ရောက်ပြီဖြစ်သော ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန | မောင်ခင်မင် (ဓနုဖြူ) | ၁၂၃-၁၂၈ |
| ၅ | နိုင်ငံတကာဒီမိုကရေစီအသွင်ကူးပြောင်းမှုများနှင့် ကမ္ဘာ့နိုင်ငံရေး | ကိုကိုလှိုင် | ၁၂၉-၁၄၂ |
| ၆ | နှစ် (၇၀) ပြည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဇေယျာ (ညွှန်ကြားရေးမှူး-အသံလွှင့်) | ၁၄၃-၁၅၀ |
| ၇ | နှစ် (၁၂၀) ပြည့် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး | ကြည်အုံး (မလွန်) | ၁၅၁-၁၆၀ |
| ၈ | ပုဂံယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး | ဦးစန်းဝင်း (ရှေးဟောင်းသုတေသန) | ၁၆၁-၁၇၂ |
| ၉ | မြန်လည်နိုးကြားလာသော မြန်မာနိုင်ငံ တင်းထောက်အဖွဲ့များ | ဒေါက်တာတင်ညို | ၁၇၃-၁၈၆ |

အပိုင်း (၃)

| | | |
|---|---|---|
| ၂၀၁၆ ခုနှစ်အကြောင်းရပ်များ (အက္ခရာစဉ်) | | ၁၈၉ |
| အက္ခရာစဉ်အညွှန်း | | ၄၁၁ |


# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၆) ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၆ ခုနှစ်အတွင်း ထင်ရှားသည့် အဖြစ်အပျက်အချို့ကို ပြုစုပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၈) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၆ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကမ္ဘာကိုခြိမ်းခြောက်လာသည့် ဇီကာဗိုင်းရပ်စ်၊ ကမ္ဘာနှင့်မြန်မာ့ဓာတ်လုံး၊ ဓာတ်ပြား၊ ဓာတ်စက်သမိုင်း၊ စည်းလုံးမှု၏သမိုင်းမှတ်တမ်း၊ စိန်ရတုသက်တမ်းသို့ရောက်ပြီဖြစ်သော ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၊ နိုင်ငံတကာဒီမိုကရေစီအသွင်ကူးပြောင်းမှုများနှင့် ကမ္ဘာ့နိုင်ငံရေး၊ နှစ် (၇၀) ပြည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နှစ် (၁၂၀) ပြည့် မန္တလေးမြို့မလွန်ဈေးဆန်လှူအသင်းကြီး၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး၊ မြန်လည်နိုးကြားလာသော မြန်မာနိုင်ငံကင်းထောက်အဖွဲ့များဟူသည့် အကြောင်းအရာများကို စုစည်းဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသောဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသောအကြောင်းအရာများသည် ၂၀၁၆ ခုနှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြောင်းအရာများ ဖြစ်ပါသည်။ အကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါအက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များနည်းတူ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနှင့်နိုင်ငံတကာတွင် ကွယ်လွန်ခဲ့သောထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ- စွယ်စုံနှစ်ချုပ် ၂၀၁၆) နှင့် စာမျက်နှာအမှတ်ကိုဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၆ ခုနှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းအရာနှင့် ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။